AMATA
HOLDING
PUBLIC CO., LTD.

# အစုရှယ်ယာရှင်များသို့ အသိပေး ကြေညာချက်

၁။ အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ၊ (၃)ရက်နေ့ တွင် ရန်ကုန် စတော့အိတ်ချိန်း၌ ( ၇ ) ခုမြောက်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှု ကဏ္ဍမှ ပထမဆုံး စာရင်းဝင် ကုမ္ပဏီ အနေဖြင့် အစုရှယ်ယာများကို စတင် အရောင်းအဝယ် ပြုလုပ်ခဲ့ပါသည်။

၂။ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို လက်အောက်ခံကုမ္ပဏီများဖြစ်သော United International Group Limited (UIG)မှ Amata အမည်ဖြင့် ဟိုတယ်နှင့်ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းကိုင်၄င်း Myanmar Ballooning Company Limited (MB)မှ Oriental Ballooning အမှတ် တံဆိပ်ဖြင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းကိုင၄်း မြန်မာ နိုင်ငံရှိ အဓိကနေရာများ ဖြစ်သော ငပလီ၊ အင်းလေး၊ ပုဂံ၊ မြိတ်ကျွန်းစု ဒေသများတွင် လည်ပတ် လုပ်ကိုင်လျက်ရှိပါသည်။

၃။ ကုမ္ပဏီလုပ်ငန်းများ၏ ဝင်ငွေရရှိမှုမှာ အဓိကအားဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည် လာရောက် တည်းခိုမှုပေါ် အားထားရသည်ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားသည့် ၂၀၂၀ ခုနှစ် အစောပိုင်းမှ စ၍ ကုမ္ပဏီ၏ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းများ၏ ဝင်ငွေမှာ များစွာကျဆင်းခဲ့ပြီး ထိုမှတဖန် နိုင်ငံအတွင်း ပေါ်ပေါက်ခဲ့သော ရာသီဥတု ပြောင်းလဲခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေငလျင် လှုပ်ခတ်ခြင်း အစရှိသော သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင် မျှော်မှန်းထားခြင်း မရှိခဲ့သော ဖြစ်ရပ်များကြောင့် ကုမ္ပဏီဝင်ငွေမှာ များစွာ ကျဆင်းခဲ့ပါသည်။ လက်ရှိ ကုမ္ပဏီလုပ်ငန်း များ၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များသို့ အသိပေးအပ်ပါသည်။

| | |
|---|---|
| Amata Resort & Spa (ငပလီကမ်းခြေ) | ၂၀၂၄ ခုနှစ် မေလမှစ၍ လုပ်ငန်းများ ယာယီရပ်နားထားပါသည်။ |
| Oriental Ballooning Service | ၂၀၂၄ ခုနှစ် မေလမှစ၍ ယာယီရပ်နားထားပါသည်။ |
| Amata Garden Resort (ပုဂံ) | ရာသီအလိုက် လုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ |
| My Bagan Residence by Amata | ရာသီအလိုက် လုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ |
| Amata Garden Resort (အင်းလေးကန်) | ရာသီအလိုက် လုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ |
| Amata Resort & Spa (Andaman) | ရာသီအလိုက် လုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ |

၄။ ကုမ္ပဏီ၏ ဒါရိုက်တာများအနေဖြင့် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများသည် ယာယီ အခက်အခဲများ ဖြစ်မည်ဟု မျှော်လင့်ပါသည်။ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာပါက လုပ်ငန်းများ မူလအတိုင်း ပြန်လည် ကောင်းမွန်လာမည် ဟု ယုံကြည်ပါသည်။

ဒါရိုက်တာအဖွဲ့